**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**စီမံကိန်းနှင့်ဘဏ္ဍာရေး ဝန်ကြီးဌာန**
**ဗဟိုစာရင်းအင်းအဖွဲ့**
**ရုံးအမှတ်(၃၂)၊နေပြည်တော်**

# ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများ ဝယ်ယူခြင်းအတွက် တင်ဒါစည်းမျဉ်း စည်းကမ်းများနှင့် တင်ဒါအချက်အလက်များ ဖော်ပြခြင်း

၁။ စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန၊ ဗဟိုစာရင်းအင်းအဖွဲ့မှ ပြည်ပအကူအညီ အထောက်အပံ့ဖြင့် ကွန်ပျူတာနှင့် ဆက်စပ်ပစ္စည်းများကို အိတ်ဖွင့်တင်ဒါစနစ်ဖြင့် ဝယ်ယူမည်ဖြစ်ပါ၍ အောက်ဖော်ပြပါ စည်းကမ်းချက်များနှင့်အညီ မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းတင်သွင်းလွှာများ တင်သွင်းနိုင်ပါသည်-

(က) တင်ဒါတင်သွင်းသော ကုမ္ပဏီအမည်/ဆိုင်အမည် (ကုမ္ပဏီမှတ်ပုံတင် /စည်ပင်လုပ်ငန်း လိုင်စင်မှတ်ပုံတင်) ပိုင်ရှင်၊ MDအမည်နှင့် မှတ်ပုံတင်မိတ္တူ၊ နေရပ်လိပ်စာ၊ ဖုန်းနံပါတ် ပြည့်စုံစွာ ဖော်ပြရမည်။ **(တင်ဒါတင်သွင်းသည့် ကုမ္ပဏီများသည် တင်ဒါဖွင့်ရက်မတိုင်မီ (၂)ရက်ကြို၍ <u>cso.computersection@gmail.com</u> သို့ e-mail ပေးပို့၍ Register စာရင်းတင်သွင်းရပါမည်။)**

(ခ) ပေးသွင်းမည့်ပစ္စည်း၏ အသေးစိတ်အချက်အလက် (Specification)များကို ဈေးနှုန်း တင်သွင်းလွှာနှင့်အတူပူးတွဲတင်ပြရမည်ဖြစ်ပြီးဌာနမှကြော်ငြာထားသည့် (Specification) နှင့် တင်သွင်းသည့်ပစ္စည်းသည် ကွဲလွဲမှုမရှိစေရပါ။ အနည်းငယ်ကွဲလွဲမှုရှိပါက တင်ဒါ ဖွင့်သည့်ရက်တွင် ဌာနသို့ အသိပေးရမည်။ ကွဲလွဲမှုရှိပါ က ရွေးချယ်ခံရစေကာမူ ပယ်ဖျက်ခြင်းကို လက်ခံရမည်။

(ဂ) ဈေးနှုန်းတင်သွင်းလွှာ၏ ဈေးနှုန်းတည်မြဲမှုကာလသည် ဈေးနှုန်းတင်သွင်းလွှာ ပိတ်ချိန်မှ (၁)လ အတွင်း တည်မြဲမှုရှိစေရမည်။

(ဃ) သတ်မှတ်အရည်အသွေး(Specification)ပြည့်မီပြီး၊ နောက်ဆုံးအနည်းဆုံးပေးနိုင်သောဈေးနှုန်းကို တင်သွင်းရမည် ဖြစ်ပါသည်။

(င) စိစစ်တင်ပြရာတွင် လွယ်ကူအဆင်ပြေရန်အတွက် တင်ဒါပေးသွင်းသောပစ္စည်း တစ်မျိုးချင်းအလိုက် ဈေးနှုန်းပေးသွင်းရန်နှင့် Price, Delivery, Validity, Payment, Brand, Country of Origin တို့ကို ပြည့်စုံစွာဖော်ပြရမည်။

(စ) တင်ဒါခေါ်ယူသော ပစ္စည်းများအား အရေအတွက်လျော့၍ဖြစ်စေ တိုး၍ဖြစ်စေ ဝယ်ယူခြင်းအား လက်ခံရမည်။

(ဆ) တင်ဒါပေးသွင်းရန် စာရင်းသွင်းသည့်ကုမ္ပဏီ၊ အဖွဲ့အစည်းများကိုသာ ရွေးချယ်ရေး အတွက် ထည့်သွင်း စဉ်းစားမည်ဖြစ်သည်။

(ဇ) နိုင်ငံတော်အစိုးရမှ အမည်ပျက်စာရင်း (Black List) တင်သွင်းထားသော ကုမ္ပဏီ ဖြစ်ပါက တင်ဒါအောင်မြင်ပြီးသော်လည်း ပယ်ဖျက်ပါမည်။

(ဈ) တင်ဒါပေးသွင်းမှုအား တင်ဒါဖွင့်ချိန် မတိုင်မီပေးသွင်း ရပါ မည်။

(ည) တင်ဒါအောင်မြင်သူများသည် (၇)ရက်အတွင်း တင်ဒါသဘောတူ စာချုပ်ချုပ်ဆို ရပါမည်။ စာချုပ်ချုပ်ဆို သည့် ရက်မှ (၁)လ အတွင်း ပစ္စည်းပေးသွင်းနိုင်ရမည်။

(ဋ) ပစ္စည်းတင်သွင်းရန်အတွက် သဘောတူစာချုပ် ချုပ်ဆိုသည့် ရက်မှစ၍ (၁၄)ရက် အတွင်း ပစ္စည်းရောင်းချသူသည် ပစ္စည်းဝယ်ယူသူ၏ ထောက်ခံချက်ဖြင့် လုပ်ငန်း ပြီးမြောက်မှု အာမခံ (Performance Guarantee) အနေဖြင့် စာချုပ်ပါ တန်ဖိုးငွေ စုစုပေါင်း၏ ၁၀ ရာခိုင်နှုန်းကို မြန်မာ့စီးပွားရေးဘဏ် တစ်ခုခုတွင် လုပ်ငန်း ဆောင်ရွက်မှု ဘဏ်အာမခံ (Bank Guarantee) ပြုလုပ်၍ ပေးသွင်းရမည်ဖြစ်ပြီး တင်သွင်းသည့် ပစ္စည်းများရောက်ရှိပြီး လိုအပ်သည့် စံချိန်စံညွှန်းများနှင့် ပြည့်စုံ ကြောင်း (Good Acceptance Certificate) လက်မှတ်ရပြီး လုပ်ငန်း အောင်မြင်စွာ ပြီးစီးကြောင်း ပစ္စည်းဝယ်ယူသူမှ သဘောတူ လက်ခံပြီးသည့် နေ့ရက်မှ နောက်(၆)လအထိ ဘဏ်တွင် ထားရှိရမည်။

(ဌ) တင်ဒါအောင်မြင်သည့်ကုမ္ပဏီများသည် ဝင်ငွေခွန်၂%၊ တံဆိပ်ခေါင်းခွန်၁%နှင့် ကုန်သွယ်လုပ်ငန်းခွန် ၅% ဖြင့် စုစုပေါင်း ၈% အား ဝယ်ယူမည့် ပစ္စည်းအတွက် မြန်မာကျပ်ငွေဖြင့် နိုင်ငံတော်(ပြည်တွင်းအခွန်များဦးစီးဌာန)သို့ ပေးဆောင်ရမည် ဖြစ်ပါသည်။

အိတ်ဖွင့်တင်ဒါခေါ်ယူရေးကော်မတီ
ဗဟိုစာရင်းအင်းအဖွဲ့